**ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး**

**ဗဟိုဌာနချုပ်**

**ကော်သူးလေ**

www.knuhq.org

# ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံး(၁၅)ကြိမ်မြောက် ကွန်ကရက်အပြီး ဗဟိုအမြဲတမ်းကော်မီတီ၏(၃)ကြိမ်မြောက်အရေးပေါ်အစည်းအဝေးထုတ်ပြန်ကြေညာချက်။

ရက်စွဲ – ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ(၂၈)ရက်၊
နေရာ – လေးဝါး(KNU)ဘားအံခရိုင်ဌာနချုပ်။

၁။ ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံး ဗဟိုအမြဲတမ်းကော်မီတီ၏ တတိယအကြိမ်မြောက် အရေးပေါ်အစည်းအဝေးကို ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်မှ ၂၈ ရက်နေ့အထိ အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ပါသည်။ ဤအရေးပေါ်အစည်းအဝေး၏ ဗဟိုအမြဲတမ်းကော်မီတီဝင် (၅၀)ဦးရှိသည့်အနက် (၄၇)ဦးတက်ရောက်ခဲ့ပါသည်။

၂။ ဤဗဟိုကော်မီတီအရေးပေါ်အစည်းအဝေးမှ လက်ရှိမြန်မာနိုင်ငံရေးအခြေအနေ၊ မိမိတို့အဖွဲ့အစည်း၏ အခြေအနေများ၊ တပ်ပေါင်းစုဆိုင်ရာလုပ်ငန်းအခြေအနေများ၊ တစ်နိုင်ငံလုံးပစ်ခတ်ရပ်စဲရေးဆိုင်ရာကိစ္စနှင့် တွေ့ဆုံဆွေးနွေးရေးလုပ်ငန်းစဉ်များကို ပွင့်ပွင့်လင်းလင်း အပြုသဘောဆန်စွာ သုံးသပ်ဆွေးနွေးခဲ့ကြသည်။

၃။ ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံး ကွန်ကရက်ဆုံးဖြတ်ချက်အတိုင်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် တွေ့ဆုံဆွေးနွေးနိုင်ရန် ယခုလက်ရှိဖော်ဆောင်နေသည့်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဖြင့် တပြည်လုံးအပစ်အခတ်ရပ်စဲနိုင်ရေးမှတဆင့် အားလုံးပါဝင်နိုင်သော နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲ စတင်နိုင်ရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ နိုင်ငံရေးအင်အားစုများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်။

၄။ KNU အတွင်းမှ ခွဲထွက်သွားသောကရင့်လက်နက်ကိုင်အဖွဲ့များကို ပြန်လည်စုစည်းရန် (၁၅)ကြိမ်မြောက်ကွန်ကရက်မှ ချမှတ်သည့်အတိုင်း ဗဟိုကော်မီတီမှ ဖွဲ့စည်းထားသောကရင့်လက်နက်ကိုင်အဖွဲ့များ စည်းလုံးညီညွတ်ရေးကော်မီတီမှ ဦးဆောင်၍ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန် ဆုံးဖြတ်သည်။

၅။ KNU-ကရင်အမျိုးသားအစည်းအရုံး၏ နိုင်ငံရေးဦးဆောင်မှုအောက်တွင် ကရင့်လက်နက်ကိုင်အဖွဲ့များ တဖွဲ့တည်းပြန်လည်ဖွဲ့စည်းရေး(သို့)ကော်သူးလေတပ်မတော်(KAF)ဖွဲ့စည်းရေးနှင့်ပတ်သက်၍ မူအရ လက်ခံ၍ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် KNU ၏ ဖွဲ့စည်းပုံ၊ နိုင်ငံရေးလမ်းစဉ်၊ လုပ်ငန်းစဉ်နှင့်အညီ ဆောင်ရွက်နိုင်ရန် လာမည့် KNU ကွန်ကရက်မှ ဆုံးဖြတ်သွားမည်ဖြစ်သည်။

၆။ KNU–ကရင်အမျိုးသားအစည်းအရုံးသည် UNFC နှင့် ပူးပေါင်းပါဝင်မှုနှင့်ပတ်သက်၍ KNU ဗဟိုကော်မီတီများမှ လေးလေးနက်နက်ဆွေးနွေးသုံးသပ်ပြီး ဆက်လက်၍ ယာယီရပ်ဆိုင်းထားမည်ဖြစ်သည်။ ယာယီရပ်ဆိုင်းမှုကာလအတွင်း UNFC အဖွဲ့နှင့်ဆက်လက်ညှိနှိုင်းသွားကာ လိုအပ်သလို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း တဖွဲ့ခြင်းဖြစ်စေ၊ အစုအဖွဲ့အလိုက်ဖြစ်စေ၊ တိုင်းရင်းသားတို့၏ နိုင်ငံရေးရည်မှန်းချက်အကောင်အထည် ဖော်ဆောင်နိုင်ရေးကို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။


**ဆက်သွယ်ရန်–**

- ပဒို မန်းမန်း–တွဲဘက်အထွေထွေအတွင်းရေးမှူး(၂) – KNU ဗဟို – (+ ၆၆၈၇၉၄၃၈၇၅၀)
- ပဒို စောသမိန်ထွန်း–ဗဟိုအလုပ်အမှုဆောင်ကော်မတီ – KNU ဗဟို – (၆၆ ၈၆ ၂၁၁ ၂၇၄၅


*********